## ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဌမပုံမှန်အစည်းအဝေး (၁၄) ရက်မြောက်နေ့ ကျင်းပ

ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစောသန်းထွဋ်၏ **ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးနှင့် ဒေသစာရင်းစစ်ရုံးများ၌ လက်ရှိဖွဲ့စည်းပုံအင်အားဖြင့် မလုံလောက်ပါသဖြင့် ဖွဲ့စည်းပုံအင်အား ပြည့်သည်အထိ တိုးမြှင့်ခန့်ထားပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းက ဖွဲ့စည်းပုံအပြည့် ခန့်ထားနိုင်ခွင့်ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပုဒ်မ ၂၂၇၊ ပုဒ်မခွဲ(က) နှင့် (ခ) တို့အရ ခန့်ထားခွင့်ပြုနိုင်ပါရန် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ ပြင်ဆင်ဖွဲ့စည်းခွင့်ကို ကူးပြောင်းကာလ ခြောက်လဖြစ်သော ၂၀၁၈ ခုနှစ် ဧပြီလ ၁ ရက်မှ စင်တင်ဘာလ ၃၀ ရက် အတွင်း ဆောင်ရွက်၍ ခွင့်ပြုချက်ရရှိပြီးမှသာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် လစာခေါင်းစဉ်မှ ဘဏ္ဍာငွေခွင့်ပြုရန်ပုံငွေများ တောင်းခံသုံးစွဲသွားမည်ဖြစ်ပြီး ဘဏ္ဍာငွေခွင့်ပြုသည့် ဘောင်အတွင်းမှသာ ဝန်ထမ်းများ ခန့်ထားနိုင်မည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ဆက်လက်၍ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းက **မြန်မာနိုင်ငံစာရင်းကောင်စီ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**အား လွှတ်တော်သို့ တင်သွင်းသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဗိုလ်မှူးချုပ် တင့်လွင်က **မြန်မာနိုင်ငံ စာရင်းကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။